# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
# (၃၃)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
## (၂၀၁၆ ခုနှစ်၊ မေလ ၂၆ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမဆုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၁၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၆.၂၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ မေလ ၂၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြား သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၁၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁ ဦးပဲရှိပါတယ်။ ၎င်းကတော့-

(၁) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်ပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခင် ခွင့်ပန်ကြားသူ ၁၅ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၁၆

ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၅ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ မဒေးချောင်းမီးရထားလမ်းကူးတံတားသည် ရထားလမ်းနှင့် ကားလမ်းပေါင်း၍ ဆောက်လုပ်ထားရာ ယခုအခါ ကားလမ်းမှာပေါက်ပြဲပျက်စီးနေပြီး မိုးရွာသည့်အခါ တံတားပေါ်တွင် ရေများပြည့်နေ၍ မော်တော်ကားများ၊ ဆိုင်ကယ်များသွားလာရန် အန္တရာယ်ရှိနေပါသဖြင့် မိုးမကျမီ အလျင်အမြန်ပြင်ဆင်ပေးရန်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်ကာလတွင် ပြင်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိန်ဟန်(ကံမမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့။ ကျွန်တော် ကတော့ မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဟန် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ကံမမြို့နယ်အတွင်းမှာရှိတဲ့ မဒေးချောင်းမီးရထား လမ်းကူး တံတားနှင့်ပတ်သက်လို့ မေးမှာဖြစ်ပါတယ်။ မေးရတဲ့အကြောင်းအရင်းကတော့ ကျွန်တော်တို့ မကွေး တိုင်းဒေသကြီး၊ ကံမမြို့နယ်ထဲမှာရှိတဲ့ မဒေးချောင်းမီးရထားလမ်းကူးတံတားဟာ ၂၀၀၉ ခုနှစ်က စတင်ပြီးတော့ သုံးစွဲခဲ့ပါတယ်။ ဒီတံတားကို ကားလမ်းနှင့်အတူ ဆောက်လုပ်ထားပါတယ်။ မီးရထားလမ်းက အလယ်က ဘေးတစ်ဖက်တစ်ချက်က ကားလမ်းနဲ့။ ကားလမ်းကိုလည်း ကတ္တရာခင်းပေးထားပါတယ်။ ဒီကားလမ်းကို ဖောက်လုပ်ထားတဲ့အတွက်ကြောင့် မကွေး-မင်းဘူး-သရက်-ကံမစတဲ့မြို့ကြီး များက ကားကြီး၊ ကားငယ် နေ့စဉ်နှင့်အမျှ သွားလာနေတာ ဖြစ်ပါတယ်။ ခုချိန်ခါမှာ ဒီတံတားရဲ့ မျက်နှာပြင်ဟာ ပေါက်ပြဲနေပါတယ်။ မိုးရွာတဲ့အခါမှာ မိုးရေများပြည့်လျှံနေတဲ့ အတွက်ကြောင့် ကားတွေသွားလာတဲ့အခါမှာ အင်မတန်မှ အန္တရာယ်ကြီးမားပါတယ်။ ပြီးခဲ့တဲ့ ၂၀ ရက်နေ့ကပဲ ကလေးတစ်ယောက်က Facebook မှာတင်ထားပါတယ်။ မြန်မာပြည်ရဲ့ မီးရထားလမ်းကူး တံတားပေါ်မှာ သဘော်သွားနိုင်တာ ကံမမြို့နယ်က တံတားတစ်စင်းပဲရှိပါတယ်။ အဲလောက်ထိတောင် အခြေအနေဆိုးနေပါတယ်။ လမ်းမှာ ပေါက်ပြဲနေတဲ့အတွက်ကြောင့် အချို့ကားများသည် ကားဘီး တစ်ဖက်ကို တံတားဘောင်ပေါ်မှာ တင်မောင်းတော့ တံတားရဲ့ လက်တန်းတွေကို တိုက်ခိုက်ခဲ့မိတဲ့ အတွက်ကြောင့် ယိမ်းယိုင်တာတွေ၊ ပျက်စီးတာတွေ ဖြစ်နေပါတယ်။ တကယ်လို့များ ဒီလမ်းသွားနေတဲ့ အချိန်မှာ ကားတစ်ခုခုဖြစ်ခဲ့လို့ ရထားလာချိန်နဲ့များ နီးကပ်မယ်ဆိုရင် အင်မတန်မှ အန္တရာယ် ကြီးမားတဲ့အတွက်ကြောင့် ကျွန်တော်မေးလိုတဲ့မေးခွန်းက

ဒီတံတားကို ဒီမှာကတော့ ကျွန်တော် မိုးမကျမီလို့ပြောထားပါတယ်။ အခုတော့ မိုးကျပြီဖြစ်တဲ့ အတွက်ကြောင့် အချိန်မီပြန်လည်ပြုပြင်ပေးဖို့ အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သွားလာနေတဲ့ ပြည်သူလူထုရဲ့ကိုယ်စား မေးမြန်းခြင်း ဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင် (ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ကံမမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိန်ဟန်ရဲ့မေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါ တယ်။ မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ မဒေးချောင်းမီးရထားလမ်းကူးတံတားဟာ ကျွန်တော်မြင် သာအောင်လို့မို့ Power Point လေးနဲ့ ရှင်းပါရစေ။ အဲဒီမှာ မဒေးချောင်း မီးရထားလမ်းကူးတံတား ဟာ ရထားလမ်းနှင့် ကားလမ်းပေါင်းပြီးတော့ ဆောက်ထားတာဖြစ်ပါတယ်။ အမှန်တကယ်တမ်း ကတော့ ရထားလမ်း တံတားသက်သက်သာလျှင်ဖြစ်ပါတယ်။ အဲဒါကို ကျွန်တော်တို့က ကားတွေပါ သွားလို့ရအောင်ဆိုပြီးတော့ ရထားလမ်းတံတားရဲ့ဘေးမှာ ကားလမ်းခင်းပြီးတော့ ဖောက်ထားတာဖြစ် ပါတယ်။ အဲဒီကိစ္စနှင့်ပတ်သက်လို့ ကျွန်တော်တို့ ပြင်ဆင်သွားမှာ ဖြစ်ပါတယ်။ အဲဒီတံတားဟာအကျယ် ၁၆ ပေ၊ အလျား ၇၂၀ ပေရှိတဲ့တံတားဖြစ်ပြီးတော့ ကားများအရေးပေါ်သွားလာနိုင်ရန် ရည်ရွယ် ပြီးတော့ ရထားနဲ့ကားပါ သွားလာနိုင်အောင်၊ အမှန်တကယ်တမ်းကတော့ ရထားသွားတဲ့အချိန်မှာ ကားရပ်ထားရမယ်။ ကားသွားတဲ့အချိန်မှာ ရထားက သွားရမယ်ဆိုတဲ့၊ တကယ်တမ်းကျတော့ အန္တရာယ်ရှိတဲ့ တံတားဖြစ်သော်လည်းပဲ ကျွန်တော်တို့က ရထားလမ်းတံတားပေါ်မှာ ကားသွားလို့ရ အောင် လုပ်ထားခြင်းသာဖြစ်ပါတယ်။ အဲဒီမှာ ၂၀၀၇ ခုနှစ်ကဆောက်ပြီးတော့ ဒါရဲ့ လက်ရှိအခြေ အနေကတော့ ရေလည်တိုင်တွေ၊ ကွန်ကရစ်တံတားဘောင်တွေက ကောင်းမွန်ပြီးတော့ တံတားပေါ်မှာ ရှိတဲ့ ရထားလမ်းတွေဟာ ကားများဖြစ်သွားနိုင်တဲ့ ကတ္တရာလမ်းဟာ ပေါက်ပြဲပြီးတော့ ပျက်စီးမှုများ ဖြစ်နေပါတယ်။ ဒါကတော့ မြင်သာအောင်ပြောပြတာပါ။ အဲဒီတံတားကြီးကတော့ ပေ ၇၂၀ ရှည်ပြီး တော့ ၁၆ ပေကျယ်တဲ့တံတား ဖြစ်ပါတယ်။

**မူကြမ်း**

ဒါကတော့ မိုးမကျဘဲနဲ့ ခြောက်သွေ့နေတဲ့အခါမှာ ရိုက်ကူးထားတဲ့ပုံဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ဒီနှစ်ဘတ်ဂျက်ထဲမှာ မပါသေးဘူး။ သို့သော်လည်း ကျွန်တော်လွှဲပြောင်းသုံးဖို့ စီစဉ်ထားပါတယ်။ ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ငွေလုံးငွေရင်းအသုံး စရိတ်နဲ့ ခွင့်ပြုထားတဲ့ဆောင်ရွက်မည့်လုပ်ငန်းတွေကနေပြီးတော့၊ လုပ်ငန်းခေါင်းစဉ်လွှဲပြောင်းပြီး တော့ ဒီနှစ်အတွင်းမှာ ဆောက်လုပ်ပါမယ်။ ဆောက်လုပ်ဖို့၊ ပြင်ဆင်ဖို့ ခန့်မှန်းကုန်ကျစရိတ်ကတော့ သိန်း ၅၀ ဖြစ်ပါတယ်။ အဲဒါကို ကားလမ်းကတ္တရာခင်းခြင်းအတွက် ကျွန်တော်တို့မှာ ဒီကတ္တရာခင်းတဲ့ လုပ်ငန်းကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနနဲ့ညှိနှိုင်းပြီးတော့ ၂၀၁၆ ခုနှစ် ဇူလိုင်လ အကုန်ပေါ့ ရှေ့နှစ်လအတွင်းမှာ အပြီးဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့တွင် မြို့ရှောင်ကွင်းလမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်နှစ်အပိုင်းအခြားအတွင်းတွင် ဆောင်ရွက်ပေးနိုင်ပါမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရွှေဘိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဒေါ်အေဇင်လတ်ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ဒီကနေ့မှာ ရွှေဘိုမြို့မှာ လိုအပ်လျက်ရှိတဲ့ မြို့ရှောင်ကွင်းလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းပြီးတော့ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့စစ်ကိုင်းတိုင်းဒေသကြီးမှာ ရှိတဲ့ ရွှေဘိုမြို့ဆိုတာ သမိုင်းဝင်မြို့တစ်မြို့ဖြစ်တဲ့အပြင် လမ်းပန်းဆက်သွယ်ရေး အရလည်း အချက်အချာ ကျတဲ့မြို့တစ်မြို့လို့ ဆိုရမှာပါ။ ရွှေဘိုဟာ မန္တလေး-မြစ်ကြီးနား မဟာဗျူဟာလမ်းမပေါ်မှာ တည်ရှိပြီး တော့ မြောက်ဘက်မှာ မြစ်ကြီးနားမြို့၊ တောင်ဘက်မှာဆို မန္တလေးမြို့သို့လည်းကောင်း တစ်ခါ ရွှေဘို-ရေဦးလမ်းမှတစ်ဆင့် မုံရွာ-ရာကြီး-ကလေးဝလမ်း၊ ထိုမှတစ်ဆင့် အိန္ဒိယနိုင်ငံထိလည်းကောင်း၊ ဒါ့အပြင် ဧရာဝတီမြစ်ကူးတံတား ရတနာသိယံမှ တစ်ဆင့်လည်း မန္တလေးတိုင်းဒေသကြီး မိုးကုတ် မြို့နှင့် အခြားမြို့နယ်များသို့လည်း ဆက်သွယ် သွားလာနိုင်ပါတယ်ရှင်။ ဒီလိုလမ်းပန်းဆက်သွယ်ရေး အချက်အခြာကျလို့ နေ့စဉ်နှင့်အမျှ ရွှေဘိုမြို့ကို

ဖြတ်သန်းသွားလာနေတဲ့ မော်တော်ယာဉ်အရေ အတွက်ကလည်း များပြားလှပါတယ်ရှင်။ သို့သော် ရွှေဘိုမှာ မြို့ရှောင်ကွင်းလမ်းမရှိတာကြောင့် အဝေးပြေးခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များ၊ ဆီတင်ယာဉ်များ၊ သစ်လုံးတင်ယာဉ်များ စသည် ဖြင့် ယာဉ်အမျိုးမျိုးတို့ဟာ မြို့ကိုဖြတ်သန်းရာမှာ တစ်ခုတည်းသော မြို့တွင်းဖြတ်လမ်းဖြစ်တဲ့ လမ်းမတော်ကိုသာ အသုံးပြုလို့ သွားလာနေရပါတယ်ရှင်။ ဒါ့အပြင် မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာ ပေါင်း ၁၆၈ ရွာမှ ကားများ၊ ဆိုင်ကယ်များသည်လည်း မြို့ကို ဝင်/ထွက် သွားလာလျက်ရှိရာ ယာဉ်ကြောများရှုပ်ထွေးပြီး ယာဉ်အန္တရာယ်များ၊ ယာဉ်မတော်တဆ မှုများသည် မကြာခဏဆိုသလို ဖြစ်ပွားလျက်ရှိပါတယ်ရှင့်။

သို့ပါ၍ မြို့နယ်အတွင်းရှိ ပြည်သူလူထုတို့ ဘေးဘယာဝေးကွာစွာဖြင့် စိတ်အေးချမ်းသာ သွားလာနိုင်ကြစေရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့ကိုယ်စား ကျွန်မအနေနဲ့ မေးမြန်းလိုသည်မှာ ရွှေဘိုမြို့တွင် မြို့ရှောင်ကွင်းလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိပါသလားရှင်။ အစီအစဉ်ရှိပါက မည်သည့်နှစ်အပိုင်းအခြားတွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းကို သိရှိလိုပါသည် ရှင်။ ကျေးဇူးအထူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန် ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘို မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေဇင်လတ်မှ မေးမြန်းထားတဲ့ ရွှေဘိုမြို့ တွင် မြို့ရှောင်ကွင်းလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်နှစ် အပိုင်း အခြားအတွင်းတွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ရွှေဘိုမြို့ဟာ ယခုအခါမှာ လူဦးရေထူထပ်များပြားလာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာနဲ့အညီ ရွှေဘိုမြို့အတွင်း ယာဉ်များဝင်/ထွက်သွားလာမှုများပြားလာတဲ့အတွက် ရွှေဘိုမြို့ရှောင်လမ်းဖောက်လုပ်ရန် ရွှေဘိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးခေါင်းဆောင်ပြီးတော့ ရွှေဘိုမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရွှေဘိုမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ ဦးစီးအရာရှိ(မြို့ပြ) လမ်းဦးစီးဌာန ရွှေဘိုမြို့နယ်၊ ဦးစီးအရာရှိ(မြို့ပြ) ဆည်မြောင်းဦးစီးဌာနတို့ကနေပြီးတော့ ရွှေဘိုရွှေဘိုမြို့နယ် လယ်ယာမြေစီမံ ခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးတို့မှ အဖွဲ့ဝင်များအဖြစ် ပါဝင်တဲ့ ကွင်းဆင်းတိုင်းတာရေးအဖွဲ့ကို ဖွဲ့စည်းပြီးတော့ဆောင်ရွက်ခဲ့ကြပါတယ်။

ကွင်းဆင်းတိုင်းတာရေးအဖွဲ့ကနေပြီးတော့ ၁၂-၅-၂၀၁၆ ရက်နေ့မှာ ကွင်းဆင်းတိုင်းတာဆောင်ရွက်ခဲ့ရာ လမ်းအူကြောင်း သတ်မှတ်မှုအနေနဲ့ ပထမဦးစားပေးနှင့် ဒုတိယဦးစားပေးဆိုပြီး လမ်းကြောင်းနှစ်ခု ရွေးချယ်သတ်မှတ်ခဲ့ပါတယ်။ ပထမဦးစားပေး လမ်းအူကြောင်းကတော့ မန္တလေး-စစ်ကိုင်း-ရွှေဘိုလမ်းပိုင်း ၆၈/၀ ရွှေဘိုမြို့အဝင်မှ အရှေ့ဘက်တစ်လျှောက်ဖြတ်သန်းကာ ရွှေဘို-ကျောက်မြောင်းလမ်းကို ဖောက်လုပ်ရန်ဖြစ်ပြီး ပျမ်းမျှ ၃.၁၉ မိုင်ရှည်လျားပါတယ်။ ဒုတိယဦးစားပေး လမ်းကတော့ မန္တလေး-စစ်ကိုင်း-ရွှေဘိုလမ်းပိုင်း ၆၉/၂ ကနေပြီးတော့ ၆၉/၃ ကြားမှာရှိတဲ့ ရွှေဘိုမြို့အဝင် မုဆိုးခြုံတူးမြောင်းတစ်လျှောက် အရှေ့ဘက်သို့တစ်မိုင်ခန့်အကွာမှ ဦးစားပေးလမ်းကြောင်း အတိုင်း ဖြတ်သန်းပြီး ရွှေဘို-ကျောက်မြောင်းလမ်းပေါ်သို့ ဖောက်လုပ်ရန်ဖြစ်ပြီး ပျမ်းမျှ ၂.၈၄ မိုင်ရှည်လျားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာပြည်တစ်ပြည်လုံးမှာလည်း ယာဉ်သွားလာမှုတိုးတက်များပြားလာတဲ့အတွက် ရွှေဘိုမြို့နှင့်အလားတူ သထုံ၊ ဖြူး၊ ညောင်လေးပင်၊ မိတ္ထီလာ၊ ကျိုင်းတုံ၊ လားရှိုးစတဲ့ မြို့ကြီးများကလည်း မြို့ရှောင်လမ်းများ ဆောင်ရွက်ရန် တင်ပြအဆိုပြုထားတာကိုလည်း တွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ယာဉ်သွားလာမှုနှုန်း တစ်နေ့လျှင် အစီး ၂၀၀၀ နှင့် အထက်ရှိတဲ့မြို့များကို ဦးစားပေးအစီအစဉ်နဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ရွှေဘိုမြို့ရှောင်လမ်း ဆောင်ရွက်ရန်အတွက် ရွေးချယ်သတ်မှတ်ထားတဲ့ လမ်းအူကြောင်းများကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန(ရုံးချုပ်)ကနေပြီးတော့ ကျွမ်းကျင်တဲ့ လမ်းဒီဇိုင်းနှင့် ပုံထုတ်အဖွဲ့များ စေလွှတ်ပြီးတော့ မြေပြင်မှာ အသေးစိတ်ပြန်လည်တိုင်းတာသွားမှာလည်း ဖြစ်ပါတယ်။ တိုင်းတာမှု

အရ အားသာချက်များ၊ အားနည်းချက်များကို စိစစ်ပြီးတော့ သင့်လျော်တဲ့လမ်းအူကြောင်းကို ပြန်လည်ရွေးချယ်ပြီးတော့ တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ရခိုင်ပြည်နယ်ရှိ (မင်းပြား-မြေပုံ)မြို့ချင်းဆက်လမ်းပေါ်တွင် ပေ ၁၃၈၀ ရှည်သည့် ကြပ်စင်မြစ်ကူးတံတားတစ်စင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၄၉၂.၅ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၉၃၈.၅၉၀ သန်း ခွင့်ပြုပြီး တည်ဆောက်ခဲ့ရာ တံတားလုပ်ငန်းတစ်ခုလုံး၏ ၁၇ ရာခိုင်နှုန်းခန့်သာ ပြီးစီးသေးကြောင်း သိရှိရပါသဖြင့် (မင်းပြား-မြေပုံ) လမ်းအား ကတ္တရာလမ်းခင်းမည့်အစီအစဉ်၊ ကြပ်စင်မြစ်ကူးတံတား ဆောက်လုပ်မည့်အစီအစဉ်နှင့် ပြီးဆုံးနိုင်မည့်ခုနှစ်၊ ဤကဲ့သို့ နှစ်ပေါင်းများစွာ အချိန်ယူတည်ဆောက်နေရခြင်း အကြောင်းအရင်း၊ တံတားပြီးမြောက်ရေးအတွက် လာမည့် ဘဏ္ဍာနှစ်များတွင် ဘတ်ဂျက်ခွင့်ပြုငွေကို တိုးချဲ့ချပေးရန် အခြေအနေရှိ/မရှိတို့ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ ကျွန်တော်ဒီနေ့မေးမြန်းမယ့် အကြောင်းအရာကတော့ မင်းပြား-မြေပုံမြို့ချင်းဆက်လမ်းပေါ်မှာ တည်ဆောက်နေဆဲဖြစ်တဲ့ ကြပ်စင်မြစ်ကူးတံတားနှင့် ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကြပ်စင်မြစ်ကူး တံတားဟာ အရှည်အားဖြင့် အလျား ၁၃၈၀ ပေရှိပြီးတော့ အဲဒါကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကစ ပြီးတော့ ခွင့်ပြုငွေနဲ့တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ပထမနှစ်မှာ ကျွန်တော်တို့ ဘဏ္ဍာခွင့်ပြုငွေက ၄၉၂.၅ သန်း၊ ဒုတိယနှစ် ၂၀၁၅-၂၀၁၆ မှာ ၉၃၈.၅၉၀ သန်းကို ခွင့်ပြုပြီးတော့ တည်ဆောက် ခဲ့တာဖြစ်ပါတယ်။ တံတားတစ်ခုလုံးရဲ့တန်ဖိုးလျာထားချက်ကတော့ ပင်မတံတားဟာ ကျွန်တော်တို့ ၁၀ ဘီလီယံခန့်ကုန်ကျမှာဖြစ်ပြီးတော့ ချဉ်းကပ်တံတားဟာ ၁.၅ ဘီလီယံ စုစုပေါင်း ၁၂ ဘီလီယံလောက် ကုန်ကျမယ်လို့ ခန့်မှန်းတွက်ချက်ထားတယ်လို့ သိရပါတယ်။ လုပ်ငန်းအားဖြင့် တစ်ခုလုံးရဲ့ ၁၇ ရာခိုင်နှုန်းခန့်ဟာ ပြီးစီးနေပြီဖြစ်ကြောင်းလည်း သိရှိရပါတယ်။ ၂၀၁၆-၂၀၁၇ မှာ ကျွန်တော်တို့ သန်း ၅၀၀ ဆက်ပြီးတော့ ခွင့်ပြုထားတာလည်း သိရှိရပါတယ်။

မူကြမ်း

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီတံတားဟာ ကျွန်တော်တို့ မြေပုံမြို့အတွက် အခြားမြို့တွေနဲ့ ဆက်သွယ်ထားတဲ့ တစ်ခုတည်းသောလမ်းပေါ်မှာတည်ရှိတဲ့ တံတားဖြစ်ပါတယ်။ ဒီလိုအချိန်ကြန့်ကြာနေတဲ့အတွက်ကြောင့် ကျွန်တော်တို့ သွားရေးလာရေးအခက်အခဲကြန့်ကြာမှုတွေ၊ ငွေကြေးကုန်ကျမှုတွေ အများကြီးဒုက္ခရောက်ခဲ့ကြရပါတယ်။ ဒေသခံပြည်သူတွေအနေနဲ့လည်း ဒီတံတားကြီးပေါ်မှာ ဒီလိုအချိန်ကြာမြင့်စွာတည်ဆောက်နေတဲ့အပေါ်မှာ စိုးရိမ်ပူပန်မှုများရှိနေပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ပြည်သူတွေရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းတင်ပြပါမယ်။ မေးခွန်း(၁)ကတော့ (မင်းပြား-မြေပုံ) လမ်းအား ကတ္တရာလမ်းခင်းမည့်အစီအစဉ် သိရှိလိုပါတယ်။ မေးခွန်း(၂)ကတော့ ကြပ်စင်မြစ်ကူးတံတား တည်ဆောက်မယ့်အစီအစဉ်နှင့် ပြီးဆုံးနိုင်မည့်ခုနှစ်ကို သိရှိလိုပါတယ်။ မေးခွန်း(၃)ကတော့ ဤကဲ့သို့ နှစ်ပေါင်းများစွာ အချိန်ယူတည်ဆောက်နေရခြင်း အကြောင်းအရင်းကို သိရှိလိုပါတယ်။ မေးခွန်း(၄)ကတော့ တံတားပြီးမြောက်ရေးအတွက် လာမည့်ဘဏ္ဍာနှစ်အတွင်း ဘတ်ဂျက်ခွင့်ပြုချက် ငွေကို တိုးချဲ့ရန် အစီအစဉ်ရှိ/မရှိသိလိုပါသဖြင့် ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းမှ မေးမြန်းထားတဲ့ မေးခွန်းလေးခုစလုံးကို ကျွန်တော် စုပေါင်းပြီးဖြေပါမယ်။ မေးထားတဲ့မေးခွန်းကတော့ ရခိုင်ပြည်နယ်ရှိ မင်းပြား-မြေပုံမြို့ချင်းဆက်လမ်းပေါ်မှာ ပေ ၁၃၈၀ ရှည်သည့် ကြပ်စင်မြစ်ကူးတံတားတစ်စင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၄၉၂.၅ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ၉၃၈.၅၉၁ သန်းခွင့်ပြုပြီး တည်ဆောက်ခဲ့ရာ တံတားလုပ်ငန်းတစ်ခုလုံးရဲ့ ၁၇ ရာခိုင်နှုန်းခန့်သာ ပြီးစီးသေးကြောင်း သိရှိရပါ သဖြင့် မင်းပြား-

မြေပုံလမ်းအား ကတ္တရာလမ်းခင်းမည့်အစီအစဉ်၊ ကြပ်စင်မြစ်ကူးတံတား ဆောက်လုပ် မည့်အစီအစဉ်နှင့်ပြီးဆုံးနိုင်မည့်ခုနှစ်၊ ဤကဲ့သို့ နှစ်ပေါင်းများစွာ အချိန်ယူတည်ဆောက်နေရခြင်း အကြောင်းအရင်း၊ တံတားပြီးမြောက်ရေးအတွက် လာမည့်ဘဏ္ဍာနှစ်တွင် ဘတ်ဂျက်ခွင့်ပြုငွေကို တိုးချဲ့ချပေးရန် အခြေအနေရှိ/မရှိတို့ကို သိလိုခြင်းနှင့်စပ်လျဉ်းပြီးတော့ မေးခွန်းများကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်အတွင်းရှိ မြေပုံ-မင်းပြားလမ်းဟာဆိုရင် ၂၄ မိုင် ၇ ဖာလုံရှည်လျားပြီးတော့ ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ ၃၁-၃-၂၀၁၆ ရက်နေ့အထိ လမ်းအခြေအနေကတော့ ကတ္တရာလမ်းအဆင့် ၃ မိုင် ၅ ဖာလုံ၊ ကျောက်လမ်းအဆင့် ၂၁ မိုင် ၂ ဖာလုံ စုစုပေါင်း ၂၄ မိုင် ၇ ဖာလုံဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေ ကျပ် ၁၅၈၁.၆၉၅ သန်း ခွဲဝေရရှိပြီးတော့ ကတ္တရာလမ်းခင်းခြင်း ၂ မိုင် ၆ ဖာလုံ၊ ဖြုံးကျောက် ၁၀ လက်မ ထုခင်းခြင်း ၄ မိုင် ၇ ဖာလုံ၊ မြေသားတာပေါင်တင်ခြင်း ၁ မိုင် ၅ ဖာလုံ၊ တံတားနှင့် ရေပြွန် တည်ဆောက်ခြင်း ၃၁ စင်း၊ သစ်သားတံတား ကြမ်းခင်းလဲလှယ်ခြင်း သုံးစင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ရန်လျာထားပြီးဖြစ်ပါတယ်။ လုပ်ငန်းများဆောင်ရွက်ပြီးပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန် တွင် ကတ္တရာလမ်းအဆင့် ၆ မိုင် ၃ ဖာလုံ၊ ကျောက်လမ်းအဆင့် ၁၈ မိုင် ၄ ဖာလုံရရှိသွားမှာ ဖြစ်ပါတယ်။ ကျန်ရှိသည့် ကျောက်လမ်းပိုင်းများအား ကတ္တရာလမ်းအဆင့် ရောက်ရှိစေရေးအတွက် ဘဏ္ဍာနှစ်အလိုက် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကြပ်စင်မြစ်ကူးတံတားကို ရခိုင်ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် တည်ဆောက်နေခြင်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မြေပုံ-မင်းပြားလမ်း မိုင်တိုင်အမှတ် ၂၂/၄ နှင့် ၂၃/၁ ကြားတည်ရှိပြီးတော့ အရှည်မှာ ၁၉၂၀ ပေရှိတဲ့ တံတားကြီး ဖြစ်ပါတယ်။ သံကူကွန်ကရစ်ဘိုးပိုင်အုတ်မြစ်နှင့် သံပေါင်တံတား အမျိုးအစားဖြစ်ပြီးတော့ စီမံကိန်းခန့်မှန်း တန်ဖိုးမှာ ကျပ် ၁၀၄၀၀ သန်းဖြစ်ပါတယ်။ ရန်ပုံငွေရရှိမှုက ယခုအထိ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်နယ်က နေပြီးတော့ ကျပ် ၄၉၅.၅၉၆ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ပြည်နယ်ကနေပြီးတော့ ကျပ်

၉၃၈.၅၉၁ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပြည်နယ်ကနေပြီးတော့ ကျပ် ၅၀၀.၀၀၀ သန်း စုစုပေါင်းကျပ် ၁၉၃၄.၁၈၇ သန်းရရှိပြီးဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ရရှိတဲ့ရန်ပုံငွေ ၁၄၃၄.၁၈၇ သန်းဖြင့် အောက်ခြေအုတ်မြစ်လုပ်ငန်းတွင် ဘိုးပိုင် ၁၃၂ လုံး ရှိသည့်အနက် ၄၈ လုံး၊ တံတားတိုင် ၁၉ တိုင်ရှိသည့်အနက် သုံးတိုင်ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ တစ်စင်းလုံး၏ပြီးစီးမှုရာခိုင်နှုန်းမှာ ၂၃ ရာခိုင်နှုန်းဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ ပြည်နယ်ရန်ပုံငွေကျပ် သန်း ၅၀၀ ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများမှာ မင်းပြားဘက်ကမ်းရှိ ပင်မတံတား ရေလည်တိုင် RP3 ၏ Cap and Shaft လုပ်ငန်း၊ ရေလည်တိုင် RP2 ၏ ဘိုးပိုင် ၁၂ လုံး တူးခြင်းလုပ်ငန်းများ၊ မင်းပြားဘက်ကမ်း ကမ်းကပ်ခုံ A2 Cap and Shaft လုပ်ငန်းများကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ် တစ်ခုလုံးအတွက် လမ်းနှင့်တံတား ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၂၅၅၀၈.၁၂ သန်းသာရရှိခဲ့ပါတယ်။ ကြပ်စင်တံတား ပြီးစီးသည်အထိ ထပ်မံလိုအပ်ရန်ပုံငွေမှာ ကျပ် ၈၄၆၅.၈၁၃ သန်းကျန်ရှိခဲ့ရာ ကာလတိုအတွင်း ဆောင်ရွက်နိုင်ခြင်းမရှိဘဲ တံတားတစ်စင်းလုံး တည်ဆောက်ပြီးစီးရန်အတွက် နှစ်စဉ်ရန်ပုံငွေ တင်ပြတောင်းခံပြီးတော့ ရန်ပုံငွေလုံလောက်စွာရရှိပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အတွင်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါ့မယ်။

**ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ၁၉-၅-၂၀၁၆ ခုနှစ် မှာ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုကို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၄-၅-၂၀၁၆ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒီနေ့အထိ ပြင်ဆင်ချက်အဆိုကို တင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါ့ကြောင့် အဂတိ လိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အဂတိ လိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ကချင်ပြည်နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဦး တင်သွင်းသော အရေးကြီး အဆို/မေးခွန်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများက ရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြစ်တဲ့ ဦးအာမိုးဆီ၊ ခေါင်လန်ဖူးမဲဆန္ဒနယ်က တင်သွင်းသော ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ခေါင်လန်ဖူးမြို့နယ်တွင် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှစတင်၍ ယခုအထိ အဆက်မပြတ်ရွာသွန်းနေသောမိုးကြောင့် နေအိမ်များပြိုပျက်ခြင်း၊ မြေပြိုမှုကြောင့် စိုက်ပျိုးမြေနှင့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးရခြင်း၊ ခရီးလမ်းပန်းအဆက်အသွယ်ပြတ်တောက်ခြင်းနှင့် မိုးကြိုးကြောင့် ဆက်သွယ်ရေးကိရိယာများ ပျက်စီးခြင်းတို့ကြောင့် ခေါင်လန်ဖူးမြို့နယ်ရှိ အစိုးရဝန်ထမ်း၊ မြို့နယ်သူ မြို့နယ်သားများ စားနပ်ရိက္ခာဆိုးရွားစွာ ပြတ်တောက်မှုနှင့် နေထိုင်ရေးပြဿနာများကို ဆောလျင်စွာ ဆောင်ရွက်ပေးပါရန် ပြည်နယ်အစိုးရနှင့် ကချင်ပြည်နယ်အစိုးရတို့အား တိုက်တွန်းကြောင်းအရေးကြီး အဆို၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့်၊ ချီဖွေမဲဆန္ဒနယ်က တင်သွင်းသော ကချင်ပြည်နယ်

အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးသွားသော ချီဖွေမြို့နယ်နှင့် ဆော့လော်မြို့နယ် ဆက်သွယ်ဖောက်လုပ်ထားသည့် ဖီမော်-ကန်းဖန့်-လန်ဆယ်ဒေသ ဖွံ့ဖြိုးရေးလမ်းမကြီး အမြန် ပြန်လည်ဆောက်လုပ်ပေးနိုင်ပါရန် အရေးကြီးအဆိုနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလုံဂျုံဆန်မိုင်၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်က မြစ်ကြီးနား-ဆွမ်ပရာဘွမ်လမ်း၊ ပူတာအို-ဆွမ်ပရာဘွမ် လမ်းကို ကျောက်ခင်းလမ်းအဖြစ် နိုင်ငံတော်အစိုးရမှ နေ့ချင်းပြီးအမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးသင့်ပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းတို့ကို တင်သွင်းထားပါတယ်။ ယင်း အရေးကြီးအဆိုနှစ်ခု၊ မေးခွန်းတစ်ခုတို့နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်း ဝင်များက ရှင်းလင်းတင်ပြကြမှာဖြစ်ပါတယ်။ ပထမဦးစွာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကရှင်းလင်းတင်ပြရန်ဖြစ်ပါတယ်။

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ကချင်ပြည်နယ် ခေါင်လန်ဖူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီရဲ့ အရေးကြီး အဆိုမှာ ဒီဆက်သွယ်ရေးကဏ္ဍနှင့် ကျွန်တော်တို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ တာဝန်ရှိတာဖြစ်ပါတယ်။ အဲဒါကို ကျွန်တော်ပြန်လည်ဖြေကြားပါရစေ။ ကချင်ပြည်နယ်၊ ခေါင်လန်ဖူး မြို့နယ်၊ CDMA-450 မဂ္ဂါဟက်စခန်းကို ၂၁-၄-၂၀၁၆ ရက်နေ့ ညနေ ၂ နာရီ ၄၇ မိနစ်မှာ မိုးကြိုးထိ မှန်ခဲ့ပြီးတော့ Rectifier Module အားလုံးနှင့် IP Star Transmission, Aiblumodem Antana Cable တို့ကို လောင်ကျွမ်းခဲ့ပြီးတော့ ဆက်သွယ်မှုပြတ်တောက်ခဲ့ပါတယ်။ အဲဒီတော့ မြစ်ကြီးနားမှာ ရှိတဲ့ အရန်စက်ပစ္စည်းများနှင့် အမြန်ဆုံးသွားရောက်ပြင်ဆင်ပြီး လဲလှယ်တပ်ဆင်ခြင်းတို့ကို ပြုလုပ်တဲ့ အခါမှာ ၁၂-၅-၂၀၁၆ ရက်နေ့ ညနေ ၆ နာရီ ၅ မိနစ်မှာ ဆက်သွယ်ရေးပြန်လည်ရရှိခဲ့ပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ ၂၄-၅-၂၀၁၆ ရက်နေ့မှာ CDMA-450 စခန်းကို ၁၆ ရက်နေ့မှာ ထပ်မံပြီးတော့ ညနေ ၄ နာရီမှာ ပြတ်တောက်ပါတယ်။ ပြတ်တောက်ပေမယ့် အဲဒီအချိန်မှာ လူတွေရှိနေသေးတဲ့အတွက်ကြောင့် ရာသီဥတုဆိုးရွားနေပေမယ့် ဆက်သွယ်မှုပြန်လည်ရရှိဖို့ရာအတွက် သွားရောက်စစ်ဆေးပြုပြင်တဲ့ အခါမှာ ၂၅-၅-၂၀၁၆ ရက်နေ့ ညနေ ၅ နာရီ ၂၈ မိနစ်မှာ ဆက်သွယ်မှုပြန်လည်ရရှိကြောင်း အင်ဂျင်နီယာချုပ်ဆီက အစီရင်ခံစာရရှိပြီးဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့တော့ ဆက်သွယ်ရေးကဏ္ဍအတွက် အစွမ်းကုန်ဆောင်ရွက် ပြီးစီး ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ရှင်းလင်းတင်ပြရန်ဖြစ်ပါတယ်။

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီမှတင်သွင်းထားတဲ့ မေးခွန်း(က) ခေါင်လန်ဖူးမြို့နယ်နှင့် နောင်မွန်းမြို့နယ်ကြား လမ်းပိတ်ဆို့ခြင်း၊ (ခ) ကြိုးတံတား သုံးစင်း ပျက်စီးခြင်း၊ ပျက်စီးတဲ့နေရာတွေက တော့ ညီဝါး-လယ်မယ်ချိကြား၊ အဒူးလား-လုံးဖုံကြား၊ ဇံယော-မီးကော်ကြား အဆိုနှင့် (ဂ) သစ်သား တံတား ငါးစင်း ပျက်စီးခြင်း၊ ပျက်စီးတဲ့အပိုင်းကတော့ ဆရမ်ဖား-ကုန်းထကြား၊ ကုန်းထ-ခေါင်လန်ဖူးကြား အဆိုနှင့် စပ်လျဉ်းပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း(က)နှင့်ပတ်သက်ပြီးတော့ ခေါင်လန်ဖူးမြို့နယ်နဲ့ နောင်မွန်းမြို့နယ်အကြား ရပ်ဘော့-ငါ့လုံဒမ်း-ခေါင်လန်ဖူးလမ်းအပိုင်းရဲ့ မိုင်(၃၉/၀-၄၅/၀)နဲ့ (၄၉/၀-၅၅/၀)တို့ကြားမှာ ၂၄-၄-၂၀၁၆ ရက်နေ့မှာ မိုးဒဏ်ကြောင့် တောင်မြေပြိုကျခဲ့ပြီး လမ်းပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့ပါတယ်။ တောင်မြေပြိုကျမှုအား ၂၅-၄-၂၀၁၆ ရက်နေ့မှစတင်ပြီးတော့ ဖယ်ရှားရှင်းလင်းခဲ့ရာ ၁၆-၅-၂၀၁၆ ရက်နေ့မှာပြီးစီးခဲ့ပါတယ်။ ၎င်းလမ်းအပိုင်းမှာရှိတဲ့ တံတားအမှတ်(၁/၄၆) ၅၅ ပေအရှည်၊ ၆ ပေ အကျယ် လူကူး၊ လားကူး သစ်သားတံတားတစ်စင်းမှာ တောင်ကျရေကြောင့် မျောပါပျက်စီးခဲ့ရာ သွားလာမှုမပြတ်တောက်စေရေးအတွက် ယာယီဝါးတံတား တစ်စင်းကို အစားထိုးတည်ဆောက်ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအဆိုပါ မေးခွန်း(ခ)ပါ ကြိုးတံတားများဟာ ၂၄-၄-၂၀၁၆ ရက်နေ့ မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ပျက်စီးခဲ့ပြီး ယခင် ကချင်အထူးဒေသ(၁) ငြိမ်းချမ်းရေးအဖွဲ့မှ ဒေသအစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သောလမ်းများပေါ်တွင်ဖြစ်ကြောင်း သိရှိရပါတယ်။ လက်ရှိအချိန်တွင် ပျက်စီးမှုနှင့်ပတ်သက်၍ ပြင်ဆင်ဆောင်ရွက်ပေးနိုင်မှု မရှိသေးပါကြောင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဦးစီးဌာန၊ လယ်ယာမြေစာရင်းအင်းဦးစီးဌာန၊ လမ်းဦးစီးဌာနတို့ ပါဝင်သောအဖွဲ့နှင့် ကွင်းဆင်းစစ်ဆေးပြီးတော့ ခန့်မှန်းကုန်ကျစရိတ် ပြုစုတင်ပြသွားမှာဖြစ်ပါတယ်။ အသေးစိတ်အချက်အလက်များရရှိပါက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုး

များဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေမှ ကျခံသုံးစွဲ နိုင်ရေး ရန်ပုံငွေ တင်ပြတောင်းခံဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်း(ဂ) သစ်သားတံတား ငါးစင်း ပျက်စီးခြင်း ဆရာဖာ-ကုန်းထကြား၊ ကုန်းထ-ခေါင်လန်ဖူးကြား အဆိုနှင့်စပ်လျဉ်းပြီးတော့ အောက်ပါအတိုင်း ဆက်လက်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ခေါင်လန်ဖူးမြို့နယ်ဟာ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်မှာ တည်ရှိပြီးတော့ ပြည်နယ်အစိုးရမှ စီမံခန့်ခွဲ သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် ခေါင်လန်ဖူး-ညီတာဒီးလမ်းနှင့် ခေါင်လန်ဖူး- ဆရမ်ဖားရွာ မိုင်တိုင်အမှတ်(၀/၀)မိုင်မှ (၁၂/၀)မိုင် အတွင်း၌ မိုးအဆက်မပြတ်ရွာသွန်းပြီးတော့ တောင်ပြိုသည့်မြေများကြောင့် လမ်းသားပဲ့ကျခဲ့ရာမှ တံတားအမှတ်(၁/၆) အရှည် ၅၀ ပေ၊ တံတား အမှတ်(၂/၉) အရှည် ၄၅ ပေ၊ တံတားအမှတ်(၄/၉) အရှည် ၃၃ ပေ၊ တံတားအမှတ်(၆/၉) အရှည် ၄၀ ပေ၊ တံတားအမှတ်(၄/၁၀) အရှည် ၃၅ ပေ စသည့်တံတား ငါးစင်း ပျက်စီးခဲ့ပါတယ်။ အဲဒီတံတား ငါးစင်းကို ၁၂-၅-၂၀၁၆ ရက်နေ့မှာ လူနှင့်လားများ အသုံးပြု၍ရအောင် ၆ ပေအကျယ် ယာယီ ဝါးတံတားအဖြစ် သွားလာမှုမပြတ်တောက်စေရေးအတွက် ပြန်လည်အစားထိုး တည်ဆောက်ခဲ့ပြီး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ မျောပါပျက်စီးခဲ့သည့် သစ်သားတံတား ငါးစင်းကို ပွင့်လင်းရာသီအချိန်တွင် အသစ်ပြန်လည် တည်ဆောက်နိုင်ရန်အတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများကို ကြိုတင်စုဆောင်းလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့်မှ တင်သွင်းတဲ့ မေးခွန်း(င) ချီဖွေမြို့နယ်နှင့် ဆော့လော်မြို့နယ်အကြား ကားလမ်းပျက်စီးမှု ဖိမော်-ကန်းဖန့်-လာအိုလော်-သုံးချောင်းဆုံ-ရှီးရှီးဒူးခူး-လန်ဆယ်ကြားနှင့် (စ) ကချင်ပြည်နယ်၊ ဘေလီ တံတား ၁၆ စင်း ပျက်စီးခြင်း၊ ဖိမော်-လန်ဆယ်ကြားတို့အဆိုနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချီဖွေမြို့နယ်ဟာ ကချင်ပြည်နယ်၊ မြစ်ကြီးနား ခရိုင်အတွင်းရှိ မြို့နယ်တစ်ခုဖြစ်ပါတယ်။ မြစ်ကြီးနား-ဝိုင်းမော်-ချီဖွေလမ်းအတိုင်း သွားရောက်ပါက ချီဖွေမြို့သို့ ရောက်ရှိပြီး ချီဖွေမှ ချီဖွေ-ဆော့လော်-မန်ကျီ-ဝဲလ်တန်လမ်း၊ ချီဖွေ-လောခေါင်-တော့ဂေါ- ဖိမော်လမ်း၊ ချီဖွေ-လုပီ-ပန်ဝါလမ်းများဟာ ပြည်နယ်အစိုးရရဲ့ စီမံခန့်ခွဲမှုနဲ့ ဆောက်လုပ်ရေးဝန်ကြီး ဌာန၊ လမ်းဦးစီးကနေပြီးတော့ တာဝန်ယူထိန်းသိမ်းရသော လမ်းများဖြစ်ပါတယ်။ မေးခွန်း(င)နှင့်

ပတ်သက်ပြီးတော့ ချီဖွေမြို့နဲ့ ဆော့လော်မြို့နယ်ကြား(ဖီမော်-ကန်းဖန့်-လာအိုလော်-သုံးချောင်းဆုံ-ရှီးရှီးဒူးခူး-လန်ဆယ်ကြား)လမ်းဟာဆိုရင် ကချင်အထူးဒေသ(၁)ငြိမ်းချမ်းရေးအဖွဲ့မှ ဒေသအစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့တဲ့လမ်းများဖြစ်ပါတယ်။ အဆိုပါ လမ်းများပျက်စီးမှုနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်တဲ့ လမ်းမဟုတ်တဲ့အတွက် ပြင်ဆင်ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။ အဆိုပါလမ်းအား သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဦးစီးဌာန၊ လယ်ယာမြေစာရင်းဦးစီးဌာနနဲ့ လမ်းဦးစီးဌာနတို့ ပါဝင်တဲ့အဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးပြီး ခန့်မှန်းကုန်ကျစရိတ် အသေးစိတ်အချက်အလက်များရရှိပါက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ပြည်ထောင်စုရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရေး တင်ပြတောင်းခံဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း(စ)နှင့်ပတ်သက်ပြီးတော့ ၂၄-၄-၂၀၁၆ ခုနှစ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးခဲ့တဲ့ တံတားများအနက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် တံတားခြောက်စင်း ဆောင်ရွက်ခဲ့ပါတယ်။ ကျန်တံတား ၁၀ စင်းမှာ ဒေသအစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော တံတားများဖြစ်ပါကြောင်း သိရှိရပါတယ်။ ပျက်စီးမှုနှင့်ပတ်သက်ပြီးတော့ ပြင်ဆင်ဆောင်ရွက်ပေးနိုင်မှုများ မရှိသေးပါကြောင်းနှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်ဦးစီးဌာန၊ လယ်ယာမြေစာရင်းအင်းဦးစီးဌာနနှင့် လမ်းဦးစီးဌာနတို့ ပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးပြီးတော့ ခန့်မှန်းကုန်ကျစရိတ် ပြုစုတင်ပြသွားမှာ ဖြစ်ပါတယ်။ အသေးစိတ်အချက်အလက်များရရှိပါက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ပြည်ထောင်စုရန်ပုံငွေမှ ကျခံသုံးစွဲရေး တင်ပြတောင်းခံ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလုံဂျုံဆန်မိုင်မှ တင်သွင်းထားတဲ့ မြစ်ကြီးနား-ဆွမ်ပရာဘွမ်လမ်း၊ ပူတာအို-ဆွမ်ပရာဘွမ်လမ်းကို ကျောက်ခင်းလမ်းအဖြစ် နိုင်ငံတော်အစိုးရမှနေပြီး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးသင့်ပါကြောင်း အဆိုနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးများခင်ဗျား။ ကချင်ပြည်နယ်အတွင်းမှာရှိတဲ မြစ်ကြီးနား-

မူကြမ်း

ဆွမ်ပရာဘွမ်-ပူတာအိုလမ်းဟာ ၂၁၈ မိုင် ရှည်လျားပါတယ်။ ၃၁-၃-၂၀၁၆ ရက်နေ့ လမ်းအခြေအနေကတော့ ကွန်ကရစ်လမ်း ၁၁ မိုင် ၂ ဖာလုံ၊ ကတ္တရာလမ်း ၆၇ မိုင် ၆ ဖာလုံ၊ ကျောက်လမ်း ၃၈ မိုင် ၇ ဖာလုံ၊ အမာခံလမ်း ၈၈ မိုင် ၁ ဖာလုံ၊ မြေလမ်း ၁၂ မိုင် ဖြစ်ပါတယ်။ အဆိုပါလမ်းပေါ်တွင် ပေ ၅၀ အောက်တံတား ၈၈၀ စင်း၊ ပေ ၅၀ မှ ၁၀၀ ကြား တံတား ၂၀ စင်း၊ ပေ ၁၀၀ မှ ပေ ၁၈၀ ကြားတံတား ၁၂ စင်း၊ ပေ ၁၈၀ အထက် တံတား ၁၁ စင်းစုစုပေါင်းတံတားပေါင်း ၉၂၃ စင်းရှိပါတယ်။ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနလက်အောက်မှာရှိတဲ့ ခရိုင်အဖွဲ့ခွဲ နှစ်ဖွဲ့၊ လမ်းအထူးအဖွဲ့ နှစ်ဖွဲ့နဲ့ တံတားဦးစီးဌာနလက်အောက်မှာရှိတဲ့ တံတားအထူးအဖွဲ့ တစ်ဖွဲ့တို့ကဆိုရင် လမ်းတိုးတက်ပြုပြင်ခြင်းနဲ့ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ကချင်ပြည်နယ်အတွင်းမှာ ၂၀၁၁ ခုနှစ် ဇူလိုင်လမှစ၍ နယ်မြေငြိမ်းချမ်းမှုမရှိသောကြောင့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်တွင် မိမိတို့ စက်ယန္တရား ၂၀ စီး မိုင်းခွဲဖျက်ဆီးခံခဲ့ရပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၆၁၅.၆၀၃ သန်းဖြစ်ပါတယ်။ ဒ့ါအပြင် တံတားကြီးများဖြစ်တဲ့ အင်စွပ်တံတား ၃၁၅ ပေ၊ စီနင်ခတံတား ၁၅၀ ပေ၊ ဆွမ်ပီယမ်တံတား ၁၉၀ ပေ၊ ဖုန်အန်ခတံတား ၂၇၀ ပေ၊ ဇနမ်တံတား ၆၀ ပေ၊ ဒရုံခတံတား ၁၆၀ ပေတို့ကိုမိုင်းခွဲဖျက်ဆီးခံခဲ့ရပြီး ၂၀၁၁ ခုနှစ်နဲ့ ၂၀၁၂ ခုနှစ်များမှာတိုက်ပွဲများပြင်းထန်ခဲ့တဲ့အတွက် လမ်းတံတားလုပ်ငန်းများကို ထိရောက်စွာပြုပြင်နိုင်ခဲ့ခြင်းမရှိခဲ့ပါ။ ပွင့်လင်းရာသီတွင် ရိက္ခာစုပုံရေးယာဉ်တန်းများ တက်ခါနီးအချိန်မှသာ လုံခြုံရေးအကူအညီနဲ့ လမ်း/တံတားပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ရပါတယ်။ ၂၀၁၃ ခုနှစ်နောက်ပိုင်း နယ်မြေအခြေအနေအနည်းငယ် တည်ငြိမ်စပြုလာချိန်မှာ လမ်းတံတားလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့တဲ့အတွက် ၂၀၁၄ ခုနှစ် အောက်တိုဘာလမှာ ယာဉ်မောင်းနှင်ကြာမြင့်ချိန် ၁၅ နာရီနဲ့ ကျွန်တော်တို့ သွားလာနိုင်တယ်ဆိုတာ ရရှိခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် စီနင်ခတံတား ပေ ၁၅၀၊ တံတားအမှတ်(၁/၁၇၆) ပေ ၅၀၊ တံတားအမှတ်(၃/၁၈၇) ပေ ၅၀၊ တံတားအမှတ်(၁/၁၆၇) ၁၈ ပေ တံတားလေးစင်းတို့ကို ထပ်မံမိုင်းခွဲတိုက်ခိုက်ခြင်းခံခဲ့ရတဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပျက်စီးသွားသောတံတားများကို ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရပါတယ်။ ပွင့်လင်းရာသီတွင် မြစ်ကြီးနားမှ ပူတာအိုသို့ ရိက္ခာစုပုံရေးကားများ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ ၆၉၉ စီး၊ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ၁၀၅၀ စီး၊ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ၁၂၁၀ စီး၊ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ၁၁၉၀ စီးတက်ရောက်ပြီးတော့ ရိက္ခာပို့ပေးနိုင်အောင် စီမံဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၆ ဘဏ္ဍာနှစ်

ဧပြီလမှ မေလအတွင်း ကချင်ပြည်နယ်အတွင်းမှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုင် (၆၆/၀)မှ (၁၆၀/၀)အတွင်း ငါးနေရာ စုစုပေါင်း ၉၃၂၀ ပေတွင် ပွက်တန်းများဖြစ်ပေါ်နေပြီး သွားလာရန် ခက်ခဲလျက်ရှိတဲ့အတွက် လမ်းဦးစီးဌာနမှ ပြုပြင်လျက်ရှိရာ မိုင်(၁၀၀/၀-၁၀၁/၀)နဲ့မိုင် (၁၅၁/၄-၁၅၁/၅)အတွင်း ပေ ၁၅၇၀ ပြုပြင်ပြီးဖြစ်၍ ယာဉ်များ ယခုအချိန်မှာ သွားလာနေပြီဖြစ်ပါ တယ်။ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေကျပ် ၁၂.၁၂၈ ဘီလီယံနဲ့ ၁၂ ပေအကျယ် ကတ္တရာလမ်းသစ်ခင်းခြင်း၊ ၁၅ မိုင် ၃ ဖာလုံ ၃၄ ပေအကျယ် တောင်နံရံခဲွပြီးတော့ ၁၂ ပေအကျယ် အမာခံလမ်းခင်းခြင်း၊ ၂၂ မိုင် ၇ ဖာလုံ ၁၂ ပေအကျယ်မှ ၁၆ ပေအကျယ် ကတ္တရာလမ်းချဲ့၍ ထပ်ပိုးလွှာခင်းခြင်း ၅ မိုင် ၄ ဖာလုံ၊ ၅၀ ပေအရှည် သံကူကွန်ကရစ်တံတား ၁၀ စင်း၊ ၆၀ ပေအရှည် သံကူကွန်ကရစ်တံတား နှစ်စင်း၊ ၁၂၀ ပေအရှည် သံကူကွန်ကရစ်တံတား တစ်စင်း၊ ၂၄၀ ပေအရှည်သံကူကွန်ကရစ်တံတား တစ်စင်းတည်ဆောက်ခြင်း နှင့် ၂၄ ပေအကျယ်မှ ၃၀ ပေအကျယ်တံတားတိုးချဲ့ခြင်း ၂၁ စင်းစတဲ့ လုပ်ငန်းများဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လုပ်ငန်းများအားလုံးဆောင်ရွက်ပြီးစီးပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အကုန်မှာ မြစ်ကြီးနား မိုင်တိုင်(၀/၀)မှ အင်ဂျစ်ရွာ မိုင်(၄၇/၀)အထိ ၄၇ မိုင်နဲ့ ဆွမ်ပီယန်ရွာ မိုင်(၁၆၉/၆)မှ ပူတာအိုမိုင်(၂၁၈/၀)အထိ ၄၈ မိုင် ၂ ဖာလုံဟာ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းများအဖြစ် တစ်ဆက် တစ်စပ်တည်း ကောင်းမွန်စွာသွားလာနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ပွက်တန်းဖြစ်ပြီးတော့ ဆိုးရွားစွာ ပျက်စီးနေတဲ့ မိုင်တိုင်(၇၄/၀-၇၅/၀)၊ (၇၉/၀-၈၂/၀)၊ (၁၂၁/၀-၁၂၅/၀)အထိ ၈ မိုင်ကိုလည်း ၁၈ ပေ အကျယ် ကွန်ကရစ်လမ်းဆောင်ရွက်ရန် လိုအပ်တဲ့ရန်ပုံငွေကျပ် ၇.၀၂၆ ဘီလီယံကို ကချင်ပြည်နယ် အစိုးရအဖွဲ့ထံသို့ ထပ်မံတင်ပြတောင်းခံထားပြီး ရန်ပုံငွေရရှိပါကဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလမ်းနှင့်ပတ်သက်ပြီးတော့ India Exim Bank ချေးငွေနဲ့ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု(Feasibility Study)ကို Wapcos Limited မှ အဖွဲ့နှစ်ဖွဲ့ခွဲပြီးတော့ အသေးစိတ် Survey တိုင်းတာမှုလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ စီမံကိန်းဖြစ်နိုင်စွမ်း လေ့လာမှု(Feasibility Study) ဆောင်ရွက်ပြီးပါက မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း အဆင့် မြှင့်တင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဦးမှ တင်ပြခဲ့တဲ့ အရေးကြီးအဆိုနှင့်

မေးခွန်းများနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ တင်ပြခဲ့တဲ့လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများဖြစ်ပါသဖြင့် ဥက္ကဋ္ဌကြီးမှ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရှင်းလင်းတင်ပြရန်ဖြစ်ပါတယ်။

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအာမိုးဆီနှင့် ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့်တို့၏ ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် အရေးကြီးအဆို၊ ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဟာ နိုင်ငံတစ်နိုင်ငံလုံးမှာဖြစ်ပွားနေတဲ့ ဘေးအန္တရာယ်များကြောင့် အတိဒုက္ခကြုံတွေ့ရတဲ့ ဘေးသင့်ပြည်သူများအတွက် စားဝတ်နေရေး လတ်တလော သက်သာချောင်ချိစေရေးအတွက် လိုအပ်တဲ့ထောက်ပံ့မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကချင်ပြည်နယ်၊ ဆော့လော်မြို့နယ်၊ လာချင်ကျေးရွာအုပ်စုနှင့် လကင်ကျေးရွာအုပ်စုရှိ ကျေးရွာရှစ်ရွာ၌ ၂၁-၄-၂၀၁၆ ရက်နေ့နှင့် ၄-၅-၂၀၁၆ ရက်နေ့များမှာ မိုးသည်းထန်စွာရွာသွန်းပြီး လကင်ချင်းရေတိုးလာမှုကြောင့် နေအိမ် ၂၁၂ လုံး ရေမျောပါပျက်စီးခဲ့ပြီး အိမ်ထောင်စု ၂၁၂ စုမှ လူဦးရေ စုစုပေါင်း ၁၃၅၁ ဦး ဘေးဒုက္ခကြုံတွေ့ခဲ့ပါတယ်။ အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာ ကျပ်သိန်း ၂၀၃၅၅၀၀၊ နေအိမ် ၂၁၂ လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၁၀၆၀၀၀၀၀၊ နေအိမ် ၂၁၂ အိမ်စာ ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုး၊ မိုးကာစ

၂၁၂ စ၊ ခေါက်ဆွဲခြောက် ၂၇၀၂ ထုပ်နှင့် ငါးသေတ္တာ ၁၀၆၀ ဘူး ထောက်ပံ့ပေးခဲ့ရာ ပစ္စည်းနှင့် ငွေသားထောက်ပံ့မှု စုစုပေါင်းမှာ ကျပ်သိန်း ၁၈၀၆၂၇၇၂ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလားတူပင် ကချင်ပြည်နယ်အတွင်း ၁၉-၄-၂၀၁၆ ရက်နေ့မှ ၁-၅-၂၀၁၆ ရက်နေ့အတွင်း လေပြင်းတိုက်ခတ်မှု၊ ရေကြီးမှုများကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရာ လုံးဝပျက်စီးသွားတဲ့လူနေအိမ် ၂၀၈ လုံး၊ အမိုးလန်လူနေအိမ် ၉၉ လုံး၊ အနည်းငယ်ပျက်စီးသောလူနေအိမ် ၂၆၇ လုံးနှင့် စာသင်ကျောင်းရှစ်ကျောင်း၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းလေးကျောင်းနှင့် အုပ်ချုပ်ရေးမှူး ရုံးတစ်ရုံးတို့အား ပြန်လည်ပြုပြင်ဖို့အတွက် လိုအပ်တဲ့သွပ်များ ထောက်ပံ့ပေးပါရန် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ မိမိတို့ဝန်ကြီးဌာနကို ညှိနှိုင်းတင်ပြမှုအရ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ ဗဟိုသိုလှောင်ရုံမှာ (၇)ပေသွပ် ၁၀၀၀၀ ကို ထုတ်ယူဖို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ကို ၁၂-၅-၂၀၁၆ ရက်နေ့က ပြန်ကြားထားပြီးဖြစ်ပါတယ်။ ထို့အပြင် ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်ရှိ ဒေသခံပြည်သူ ၁၁၉၆၇ ဦးကို ဆန်ရိက္ခာထောက်ပံ့နိုင်ရေးအတွက် ဆန်ဖိုးငွေ ကျပ်သိန်း ၅၃၈၅၁၅၀၀ ကျပ်ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ကချင်ပြည်နယ်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေ စာရင်းအမှတ်(CF 1103070) သို့ ပေးပို့ထောက်ပံ့ပြီးဖြစ်ပါတယ်။ အခြားအရေးပေါ်ကူညီထောက်ပံ့မှုများကိုလည်း ဆက်လက်ဆောင်ရွက်ပေးရန် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြန်မာနိုင်ငံအမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီက ရှင်းလင်းတင်ပြရန်ဖြစ်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီနဲ့ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့်ရဲ့ အရေးကြီးအဆိုအပေါ်မှာ အမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီကိုယ်စား ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေမှ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါ

တယ်။ မြန်မာနိုင်ငံအနေနဲ့ အရှေ့တောင်အာရှနဲ့ ပစ္စိဖိတ်ဒေသအတွင်း အရေးပေါ်အသက်အန္တရာယ် ကျရောက်နေမှုများကို ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဒေသတွင်းနိုင်ငံများ အကြား ထိရောက်စွာညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ရန်နှင့် အမျိုးသားရှာဖွေရေး၊ ကယ်ဆယ်ရေးများကို စနစ်တကျအကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံအမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီကို ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် ပါဝင်ပြီး အဖွဲ့ဝင် ၁၈ ဦးဖြင့်၂၀၁၆ ခုနှစ်၊ မေလ ၃ ရက် နေ့မှာ နိုင်ငံတော်သမ္မတရုံးမှ အမိန့်ကြော်ငြာစာအမှတ်(၈/၂၀၁၆)ဖြင့် ဖွဲ့စည်းခဲ့ပါတယ်။ သဘာဝ ဘေးအန္တရာယ်ဖြစ်ပွားပါက ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများကို အလျင်အမြန်တုံ့ပြန် ဆောင်ရွက်ရန် တိုင်းဒေသကြီး/ ပြည်နယ်များမှာ မီးသတ်တပ်ဖွဲ့မှ အင်အား ၁၁၆ ဦးပါတပ်ခွဲတစ်ခွဲ၊ မြို့နယ်များမှာ အင်အား ၃၅ ဦး ပါဝင်သောတပ်စုတစ်စုဖွဲ့စည်းထားရာ တပ်ခွဲ ၁၇ ခွဲ အင်အား ၁၉၇၂ ဦး၊ တပ်စု ၃၃၃ စု အင်အား ၁၁၆၅၅ ဦး စုစုပေါင်းအင်အား ၁၃၆၂၇ ဦးဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဖွဲ့စည်းလေ့ကျင့် ဆောင်ရွက်လျက်ရှိပါတယ်။

အထက်ပါအရေးကြီးအဆိုဖြင့် မေးမြန်းခဲ့တဲ့ ဖြစ်စဉ်များဟာ ကချင်ပြည်နယ်၊ ချီဖွေမြို့၊ ဆော့လော်မြို့နယ်နှင့် ခေါင်လန်ဖူးမြို့နယ်တို့မှာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီနှင့် ဧပြီလကုန်မှစ၍ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြို့နယ်အတွင်း လူနေအိမ်ခြေ၊ လမ်း၊ တံတားအချို့ပျက်စီးခဲ့ရပြီး လမ်းပန်းဆက်သွယ်မှုခက်ခဲသဖြင့် မိုးရာသီမှာ စားနပ်ရိက္ခာပြတ်တောက်မှုမရှိစေရေးအတွက် ကချင်ပြည်နယ်အစိုးရရဲ့ အစီအစဉ်နဲ့ သက်ဆိုင်ရာခရိုင်/မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာမှ ပျက်စီးသွားတဲ့ လမ်း၊ တံတားများကို အမြန်ဆုံးပြုပြင်ခြင်း၊ စားနပ်ရိက္ခာထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရဲ့အစီအစဉ်ဖြင့်လည်း စားနပ်ရိက္ခာများကို တပ်မတော်ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိပါတယ်။ ၁၄-၅-၂၀၁၆ ရက်နေ့မှာ ခေါင်လန်ဖူးမြို့နယ် အထွေထွေမြို့နယ်ဦးစီးဌာနအနေနဲ့ လတ်တလောစားသုံးနိုင်ရန်အတွက် တစ်တင်းခွဲဆန်အိတ် ၅၀ ကို နောင်မွန်း မြို့နယ် တစ်ဆယ်စုကျေးရွာမှာ စီစဉ်ထားရှိပြီး ခေါင်လန်ဖူး မြို့နယ်မှ လားအဖွဲ့ဖြင့်လာရောက် သယ်ဆောင်မည်ဖြစ်ကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့မှလည်း ၂၀၁၆ ခုနှစ် မိုးတွင်းရိက္ခာဆန်ဖူလုံရေးအတွက် မေလနောက်ဆုံးပတ်တွင် မြစ်ကြီးနားမှပူတာအိုကို

တပ်မတော်လေယာဉ်ဖြင့် ဆန်အိတ် ၂၀၀၀ ကို သယ်ယူရန်စီစဉ်ထားကြောင်း၊ ၎င်းဆန်အိတ်များ ပူတာအိုရောက်ရှိပါက ခရိုင်အုပ်ချုပ်ရေးမှူးအစီအစဉ်ဖြင့် အဆိုပါဆန်အိတ်များအနက် ဆန်အိတ် ၁၀၀၀ ကို တပ်မတော်ရဟတ်ယာဉ်ဖြင့် ခေါင်လန်ဖူးမြို့နယ်သို့ ဆက်လက်ပို့ဆောင်ရန်စီစဉ်ထားကြောင်းသိရှိရပါတယ်။ ရာသီဥတုအခြေအနေအရ တပ်မတော်ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ရန် အခက်အခဲရှိလျှင်လည်း ဒီဆန်အိတ် ၁၀၀၀ ကို ပူတာအိုမှ နောင်မွန်းမြို့နယ်၊ တဆယ်ထုရွာသို့ မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ တဆယ်ထုရွာမှ လားများဖြင့်လည်းကောင်း ခေါင်လန်ဖူးမြို့နယ်သို့ ဆက်လက်ပို့ဆောင်ရန် စီစဉ်ထားပါကြောင်း တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းချက်ပါ လူနေအိမ် ၂၉ လုံး၊ ကျေးရွာခုနစ်ရွာမှာ ပျက်စီးမှုနှင့်ပတ်သက်ပြီး ချီထုဖန်ကျေးရွာအုပ်စုမှ ချီထုဖန်၊ တက္ကာဒမ်း၊ လာကာကော်၊ ရှီးနားတော်၊ ညီဝမ်းကျေးရွာနှင့် ဇီးထန်ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ချီလာဝါးဒီး၊ လော်ဝူးချီလာကျေးရွာများ ပျက်စီးခြင်းဖြစ်ပြီး ပျက်စီးဆုံးရှုံးမှုများကို မြို့နယ်သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးအဖွဲ့မှ ကွင်းဆင်းပြီးတော့ စာရင်းကောက်ယူရေးဆောင်ရွက်လျက်ရှိပြီး ပြန်လည်ထူထောင်ရေးအတွက် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေဖြင့် တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ၂၄-၄-၂၀၁၆ ရက်နေ့ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆော့လော်မြို့နယ်၊ လားချင်ကျေးရွာအုပ်စုနှင့် လကင်ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ရေဘေးသင့်လူနေအိမ် ၁၀၃ လုံး ပျက်စီးသည့် ပြည်သူများ အတွက် ဌာနဆိုင်ရာများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်တွင်းပြည်ပအလှူရှင် ၃၁ ဖွဲ့မှ စုစုပေါင်း ငွေကျပ် ၉၁၉၅၀၅၀၀၊ ဆန်အိတ် ၁၆၇၈ အိတ်၊ ဆီ ၄၀ ပိဿာ၊ ဆား ၂၄၀ ပိဿာ၊ ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါ ပျက်စီးသွားတဲ့ လမ်း/တံတားများကို အမြန်ဆုံးပြုပြင်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိ ကြပါတယ်။ လမ်းလုံခြုံရေးနှင့်ပတ်သက်ပြီး နယ်မြေအခြေအနေအရ ကချင်အထူးဒေသ(၁)မှ လုံခြုံရေးဆောင်ရွက်လျက်ရှိပြီး ရဲတပ်ဖွဲ့အနေနဲ့ ချီဖွေမြို့နယ်နှင့် ဆော့လော်မြို့နယ်များမှာ နယ်မြေခံတပ်များနှင့်ပူးပေါင်းပြီး လုံခြုံရေးဆောင်ရွက်လျက်ရှိပါတယ်။ သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်များ၏ အရေးကြီးအဆိုပါ မြို့နယ်များမှာ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေစဉ်အတွင်း ရဲတပ်ဖွဲ့အနေဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုနှင့် သဘာဝဘေးအန္တရာယ်ကိုအကြောင်းပြုပြီး မှုခင်းများမဖြစ်စေရေး၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက်

သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးနေသည့် လမ်း/တံတားများပြုပြင်ရာတွင်လည်း နယ်မြေခံတပ်များနှင့်ပူးပေါင်း၍ နယ်မြေလုံခြုံရေးဆောင်ရွက်ပေးခြင်း၊ စားနပ်ရိက္ခာများရောက်ရှိလာပါက လုံခြုံရေး၊ ပြည်သူလူထုထံသို့ မြန်မြန်ဆန်ဆန် ထောက်ပံ့ပေးနိုင်ရေးအတွက် အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ ပူးပေါင်းပါဝင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်တင်ပြထားသည့် အရေးကြီးအဆိုကို မှတ်တမ်းအဖြစ်ထားရှိပေးပါရန်နှင့် လွှတ်တော်၏အဆုံးအဖြတ်ကို ခံယူသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုနှင့်မေးခွန်း တင်သွင်းခဲ့တဲ့ကိစ္စများနှင့်စပ်လျဉ်းပြီးတော့ တင်သွင်းခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်သုံးဦးက ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ဖြစ်ပါတယ်။ ဆွေးနွေးချိန် (၆)မိနစ်ပေးမှာဖြစ်ပါတယ်။

**ဦးလုံဂျူဆန်မိုင်(ဆွမ်ပရာဘွမ်မဲဆန္ဒနယ်)**။ ။ ဂုဏ်ပြုလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များခင်ဗျား။ ယခုလို ဝန်ကြီးဌာနက ဂရုတစိုက်ဖြေကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ တစ်ဖက်မှာ ကျွန်တော်တို့က အစိုးရသစ်ဖြစ်ပါတယ်။ ဝန်ကြီးကလည်း အသစ်ဖြစ်ပါတယ်။ အသစ်တာဝန်ယူရတဲ့ ဝန်ကြီးဌာန၊ အသစ်တာဝန်ယူရတဲ့ ဝန်ကြီးကို ဖြေရခက်တဲ့၊ ခံရခက်တဲ့ မေးခွန်းတွေ မမေးချင်ပါဘူး။ မလွဲမရှောင်သာလို့ မေးတာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နာမည်နဲ့ မဲဆန္ဒနယ် ပြောပေးပါ။

**ဦးလုံဂျူဆန်မိုင်(ဆွမ်ပရာဘွမ်မဲဆန္ဒနယ်)**။ ။ ကျွန်တော် ဦးလုံဂျူဆန်မိုင်ပါ။ ဆွမ်ပရာဘွမ် မဲဆန္ဒနယ်ကပါ။ ဟုတ်ကဲ့။ ဥက္ကဋ္ဌကြီး ခွင့်ပြုပါခင်ဗျား။ ဝန်ကြီးဖြေသွားတဲ့ ဆွမ်ပရာဘွမ်လမ်းက အခု ပြင်လို့အခြေအနေ တော်တော်ကောင်းပါတယ်ဆိုတဲ့ ဥစ္စာက မပြည့်စုံဘူးဖြစ်နေပါတယ်။ ကျွန်တော်က ဒီလ ၉ ရက်နေ့အထိ ဆွမ်ပရာဘွမ်မှာနေသွားတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ အခုထိမြို့နယ်နဲ့လည်း အဆက် အသွယ်ရှိပါတယ်။ ပူတာအိုမြို့နယ်က ကိုယ်စားလှယ်တွေလည်းရှိပါတယ်။ မြစ်ကြီးနားကနေ ဆွမ်ပရာဘွမ်အထိ ကားနဲ့သွားတယ်ဆိုရင် Three Crown Car တွေပဲ သွားလို့

ရပါတယ်။ အနည်း ဆုံးသုံးပတ်ကြာပါတယ်။ ဒါက (၁)အချက်။ နောက် (၂) အချက်က ၂၀၁၆-၂၀၁၅ ခုနှစ်မှာ ကားအစီး ၁၀၀၀ ကျော်ကို ရိက္ခာပို့ဖို့စီစဉ်ပေးပါတယ်ဆိုတဲ့ ဖြေကြားချက်နဲ့ပတ်သက်လို့ ကျွန်တော် သံသယ နည်းနည်း ဖြစ်နေပါတယ်။ ဒီလမ်းမှာ သွားနေတဲ့ကားတွေက အထူးသဖြင့် ကုန်သည်တွေပေါ့။ ကုန်ကားတွေ။ ကိုယ့်သဘောနဲ့ကိုယ် သွားတာပဲများပါတယ်။ နိုင်ငံတော်အစိုးရရဲ့ အစီအစဉ်နဲ့ သွားတဲ့ ကားတွေကလည်း ရှိနေပါတယ်။ မနှစ်တုန်းကတော့ အစိုးတပ်နဲ့ KIA တပ်က တစ်ဖက်နဲ့တစ်ဖက် ရိက္ခာလမ်းကြောင်းတွေ ပိတ်ဆို့တဲ့အတွက်ကြောင့် လမ်းမှာမီးရှို့ခံရတဲ့ ကားတွေလည်း အများကြီးရှိ ပါတယ်။ ဆိုတဲ့အခါကျတော့ ကားအစီး ၁၀၀၀ ကျော်ကို ရိက္ခာပို့ဖို့ စီစဉ်ပါတယ်ဆိုတဲ့ နေရာမှာ ဘယ်ဌာနက၊ ဘယ်ဝန်ကြီးဌာနက၊ ဘယ်သူ၊ ဘယ်လိုအစီအစဉ်နဲ့ ပို့သလဲဆိုတာ ဒီလွှတ်တော်ကနေ တစ်ဆင့် ပြည်သူလူထုကို ရှင်းပြစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဇုံးတိန့်ကို မိုက်ပေးပါ။

**ဦးဇုံးတိန့်(ချီဖွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချီဖွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြ လိုတာကတော့ အခု လောလောဆယ် သဘာဝဘေးဒဏ်ကြောင့် လန်ဆယ်နဲ့စီမော်ကြားမှာရှိတဲ့ လမ်းကြီး ပျက်စီးသွားတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေး ဝန်ကြီးဌာနက ဖြေကြားသွားတာက နယ်စပ်ရေးရာဝန်ကြီးဌာနနဲ့ပဲ အဓိကသက်ဆိုင်တဲ့ပုံစံတွေနဲ့ ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ အဓိကက နယ်စပ်အနေနဲ့ လာမယ့် ဘတ်ဂျက်ဆိုတဲ့ဥစ္စာကို ဆောက်လုပ်ရေး အနေနဲ့ ကတိကဝတ်ပြုထားတဲ့ဥစ္စာတွေဟာ ဒါကို ဘယ်လိုလဲဆိုတာ တစ်ချက်လေးကို ရှင်းလင်း တင်ပြလိုပါတယ်။ နောက်တစ်ချက်ကတော့ အဓိက အခုလောလောဆယ် ကျွန်တော်တို့ ဖြစ်သွားတဲ့ သဘာဝဘေးဒဏ်ကြောင့် ရိက္ခာကို တပ်မတော် ရဟတ်ယာဉ်နဲ့ ပို့ထားတဲ့အတွက် ဇွန်လကုန်အထိ ကတော့ လုံလောက်တဲ့အတိုင်းအတာရှိပါတယ်။ ဒါပေမဲ့ ဇွန်လနောက်ပိုင်းမှာ ရိက္ခာပြတ်သွားမယ့်၊ ပျက်စီးသွားမယ့်အိမ်ခြေက ၁၁၄ အိမ်၊ လမ်းပိတ်ဆို့မှုမှာ သောင်တင်နေတဲ့ အိမ်ခြေဟာ ၄၀၉ အိမ်နဲ့ လူဦးရေ ၂၅၅၄ ဦးဟာ ဇွန်လနောက်ပိုင်းမှာ ရိက္ခာပြတ်မယ့်ကိစ္စကို လမ်းကြီးက အချိန်မီ မဆောက်လုပ်နိုင်ရင် ဒီရိက္ခာကို

ဘယ်လိုပို့မလဲဆိုတဲ့ အခန်းကဏ္ဍကို ကျွန်တော်တို့ မေးမြန်းတင်ပြ ဆွေးနွေးစေလိုပါတယ်။ အဲဒီအထဲမှာ အဓိက ပျက်စီးသွားတဲ့လမ်းဟာလည်း အထူးဒေသ(၁) ဒေသ တည်ငြိမ်အေးချမ်းရေး ပြည်သူ့စစ်အဖွဲ့များက ဖောက်လုပ်ထားတဲ့ လမ်းဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဆောက်လုပ်ရေးနဲ့ မဆိုင်ဘဲနဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနနဲ့ပဲ လာမယ့်ဘတ်ဂျက်လို့ ပြောတဲ့ အခါကျတော့ လာမယ့်ဘတ်ဂျက်မှာ အခုနတင်ပြသလို နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ကတိ မပြုထားတဲ့ အတွက်ကြောင့် ကျွန်တော်တို့ အခု ဆွေးနွေးတင်ပြတာဟာ ဆောက်လုပ်ရေးဝန်ကြီး ဌာနအနေနဲ့ပဲ ကတိပြုထားတဲ့ပုံစံဖြစ်သွားရင် အချိန်မီ ပြီးစီးနိုင်မယ့်အတိုင်းအတာ မရှိနိုင်တဲ့အတွက် ကြောင့် အခက်အခဲများရှိပါတယ်။ ဒါကြောင့် သဘာဝဘေးဒဏ်ကြောင့် မိုးရာသီအချိန်မီ ရိက္ခာကို မည်ကဲ့သို့ ပို့ဆောင်မယ်ဆိုတဲ့ဥစ္စာလေးကို ကျွန်တော်တို့ သိရှိလိုပါတယ်။ ပြီးရင် အဲဒီဒေသမှာ ခေါင်လန်ဖူး၊ ချီဖွေ၊ ဆော့လော် မြို့နယ်ဟာ ဒီနေ့ဟာ တောင်သူတွေအနေနဲ့ တောင်ယာကို လုံးဝ မီးမရှို့ဘူး။ သူတို့ ခုတ်တော့ခုတ်တယ်။ မီးမရှို့နိုင်တော့ဘူး။ မီးမရှို့နိုင်ဘဲနဲ့၊ တောင်ယာလုံးဝမစိုက်ဘဲနဲ့ ဒီတစ်ရာသီကတော့ လုံးဝကျော်သွားနိုင်တဲ့ အစီအစဉ်ရှိတယ်။ အဲဒါကြောင့် အဲဒီဒေသခံတွေ လာမယ့်နှစ်မှာ တွေ့ကြုံရမယ့် ရိက္ခာအခက်အခဲကိုလည်း ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ထည့်သွင်းစဉ်းစားပေးသွားဖို့လည်း ဒါတွေကို တင်ပြတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီနေ့ အဓိကအားဖြင့်ကတော့ ဇွန်လအထိပဲ ရိက္ခာပို့ထားနိုင်တဲ့ဥစ္စာကို လာမယ့်အချိန်ရဲ့ရိက္ခာကို ကျွန်တော်တို့ လမ်းကြောင်းမရှိတဲ့ အတွက်ကြောင့် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမယ်ဆိုတာကိုလည်း ရှင်းလင်းတင်ပြဖို့ လိုပါတယ်ဆိုတာကို တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ဆွေးနွေးရန်ရှိက ဆွေးနွေးပါ။

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာတဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါ လို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ခေါင်လန်ဖူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအာမိုးဆီ ဖြစ်ပါတယ်။ ကျွန်တော်တို့ ခေါင်လန်ဖူးမြို့က မြန်မာနိုင်ငံရဲ့ မြောက်ဖျား အစွန်ဆုံးမြို့နဲ့ ခက်ခဲဆုံး၊ အကြမ်းတမ်းဆုံးမြို့ထဲမှာ ပါရှိပါတယ်။ ပါတဲ့အချိန်ကျတော့ ဒီနေ့ကတော့ ကျွန်တော်တို့ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ကတည်းကစပြီး အဆက်မပြတ် မိုးရွာသွန်းတဲ့အတွက် လူနေအိမ်တွေ ပျက်စီးတယ်။ လမ်းတွေပြိုသွားတယ်။

တံတားတွေ ပျက်စီးတယ်။ အများကြီး ဖြစ်သွား ပါတယ်။ ကျွန်တော်တို့ ခေါင်လန်ဖူးဟာ ရာသီဥတုကလည်း အမြဲတမ်းဆိုးရွားနေပါတယ်။ ဆောင်းနဲ့ မိုးရာသီပဲရှိပြီးတော့ နွေရာသီကတော့ မရှိပါဘူး။ ကျွန်တော်တို့ ခေါင်လန်ဖူးက ပူတာအိုမြို့နဲ့ မိုင်ပေါင်း ၁၃၀ ကျော်ပဲ ဝေးကွာပါတယ်။ လမ်းကောင်းရင် နေ့ချင်းပြန်တောင်ရတဲ့ လမ်းပါ။ ဒါပေမဲ့ လမ်းပန်း ဆက်သွယ်ရေး အခက်အခဲဖြစ်နေတဲ့ အချိန်ကျတော့ ကျွန်တော်တို့ ၆၅ မိုင်လောက်ဝေးတဲ့ ဒီကွာဝေးတဲ့ နောင်မွန်းမြို့၊ မဂွေစပ်လောက်အထိပဲ ပွင့်လင်းရာသီမှာပဲ သွားလာလို့ရပါတယ်။ ကျွန်တော်တို့ အဲဒီ ကနေ လူနဲ့ လားနဲ့ပဲ သွားပြီးမှ ခေါင်လန်ဖူးကို ရောက်ဖို့ဆိုရင် မသွားနိုင်တဲ့ ဌာနဆိုင်ရာ ဝန်ထမ်းတွေ ဆိုရင် ခုနစ်ရက်၊ ရှစ်ရက်ကြာပါတယ်။ သွားနိုင်တဲ့လူတွေတောင်မှ အနည်းဆုံးငါးရက် ငါးညအိပ်၊ ခြောက်ရက်လောက်သွားရတဲ့ လမ်းခရီးဖြစ်ပါတယ်။ ဒီအချိန်မှာ ကျွန်တော်တို့ ခေါင်လန်ဖူးကတော့ နှစ်ပိုင်းရှိပါတယ်။ အပေါ်အုပ်စုက ကျွန်တော်တို့ ဇီးထံအုပ်စုရယ်၊ ရက်မန်အုပ်စုရယ်၊ ချီးလိုင်တန် အုပ်စုက ကျွန်တော်တို့ တရုတ်ပြည်နဲ့ နီးစပ်နေတယ်ဆိုပေမယ့် ရေခဲတောင်တွေ ပိတ်နေတဲ့ ကြောမှာ တည်ရှိနေတဲ့အတွက် ခေါင်လန်ဖူးမှာ ရိက္ခာပို့မယ်ဆိုရင်လည်း ဟိုကနေလာရတာ လဝက်လောက်၊ အနည်းဆုံး ၁၀ ရက်၊ ၁၅ ရက်လောက် လာပြီးမှ လာထမ်းရမယ့်ပုံစံနဲ့ ရှိနေပါတယ်။ ရှိနေတဲ့အချိန်ကျ တော့ ကျွန်တော်တို့ ဖြစ်နိုင်ရင်တော့ လူဦးရေ ၃၆၀၀ ကျော်ရှိတဲ့ ဒီအုပ်စုသုံးအုပ်စုကို တရုတ်ပြည်မှာ ဖိုကုန်းဆိုတဲ့ မြို့ရှိတယ်။ သူတို့ အဲဒီမြို့မှာ အမြဲတမ်းတောင်ကိုဖြတ်ပြီးမှ အခုချိန်ကနေစပြီးမှ ရိက္ခာ တွေလာထမ်းနေကြပါတယ်။ အဲဒါနဲ့ သူတို့ရဲ့ တောင်းဆိုချက်အရ ခေါင်လန်ဖူးမှာ လာထမ်းမယ်ဆိုရင် ဒီထမ်းလာတဲ့ရိက္ခာတွေကို တစ်ဝက်လောက်ကုန်မှပဲ သူတို့အိမ်ကိုပြန်ရောက်နိုင်တယ်။ အနည်းဆုံး ၁၀ ရက်၊ ၁၅ ရက်လောက် လမ်းလျှောက်ရတဲ့အတွက် ဒါကြောင့် ကျွန်တော်တို့ ကျေးရွာအုပ်စုသုံးအုပ်စုကို ဒီတရုတ်ပြည်နယ်စပ်ဖြစ်တဲ့ ဖိုကုန်းကို ရိက္ခာနည်းနည်းပံ့ပြီးမှ ဟိုကနေ သူတို့လာယူမယ်ဆိုရင် အဲဒီ ဒေသ ကျေးရွာအုပ်စုသုံးအုပ်စုအတွက် ပိုပြီးအဆင်ပြေနိုင်တယ်ဆိုပြီးမှ သူတို့တောင်းဆိုထားတာ ရှိပါတယ်။ နောက် အခုချိန်ကနေစပြီးတော့ မိုးတွေကအဆက်မပြတ်ရွာတဲ့အချိန်ကျတော့ အခုထိလည်း မိုးမတိတ်သေးပါဘူး။ ကျွန်တော်တို့ အဲဒီလိုဆက်ရွာနေတဲ့အချိန်ကျတော့ ဟိုမှာ ခုနက ဦးဇုန်းတိန့် ပြောသလို တောင်ယာခင်းတွေလည်း မစိုက်ရဘူး။ စိုက်ထားတဲ့ သီးနှံတွေကလည်း အမြဲတမ်းမိုးရွာ နေတဲ့အတွက် မိုးထဲမှာပဲ ဖြစ်နေတဲ့အတွက် ပုတ်သွားပါတယ်။ တချို့ဆိုရင် ပေါက်တောင်မပေါက် ဘူးပေါ့။ ဒါနဲ့ အခုလက်ရှိ အချိန်မှာအဲဒီရွာတွေဆိုရင် ပိန်းဥတွေ၊ သစ်ဥ၊ သစ်ဖုတွေ၊ မျှစ်တွေချိုးပြီးမှ

စားနေရတဲ့ အခြေအနေတွေ ရောက်နေပါတယ်။ ရောက်နေတော့ ခုနက ကျွန်တော်တို့ ပြည်ထောင်စု ဝန်ကြီးလည်း ဖြေကြားပေးပြီးပါပြီ။ ကျွန်တော်တို့ ရိက္ခာတွေ ပံ့ပိုးပေးမယ်ဆိုတဲ့ သတင်းတွေ ကြားရတော့ ကျွန်တော်တို့လည်း အရမ်းဝမ်းသာပါတယ်။ နောက် ဒီလာမယ့်အချိန် အခုမကြာခင် ဒီပညာရေးဝန်ထမ်းတွေ ဆရာဆရာမတွေ တက်လာတော့မယ့်အချိန်ကျတော့ ရိက္ခာတွေ ကြိုမ ရောက်ထားဘူးဆိုရင် ဒီဝန်ထမ်းတွေကလည်း စားဖို့အခက်အခဲဖြစ်သွားနိုင်တယ်။ ဒါကြောင့် ကျွန်တော်တို့ ဖြစ်နိုင်ရင်တော့ ကျွန်တော်တို့ ကြိုပြီးမှရတဲ့ နည်းလမ်းနဲ့ခေါင်လန်ဖူးမှာ ပို့ပြီးမှ ဝန်ထမ်း တွေကို အဲဒီကနေ ရိက္ခာလေးတွေပေးနိုင်ရင်တော့ ဝန်ထမ်းတွေနေရ၊ ထိုင်ရတာ၊ နောက်သွားလာရ တာလည်း အဆင်ပြေနိုင်တယ်။ ဒါကြောင့် ပံ့ပိုးဖို့ အစီအစဉ်ရှိတဲ့ဟာတွေကို ဟိုမှာကြိုးစားပြီးမှ နည်းလမ်းရှာပြီးမှ အမြန်ဆုံးရအောင် ကျွန်တော်တို့ ကြိုးစားပို့ဆောင်ပေးပါလို့ တင်ပြတောင်းဆိုချင် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ်မှ လွှတ်တော် ကိုယ်စားလှယ် သုံးဦးတင်သွင်းသော အရေးကြီးအဆိုနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဝင်များက ဆောင်ရွက်ပေးမယ့်အစီအစဉ်များကို လွှတ်တော်သို့ ပြည့်ပြည့်စုံစုံ ရှင်းလင်းတင်ပြခဲ့ ပါတယ်။ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိပေးပါရန်လည်း ရှင်းလင်းတင်ပြ သွားပါတယ်။ အဆို၊ မေးခွန်းတင်သွင်းခဲ့တဲ့ ကိုယ်စားလှယ်များကလည်း ၎င်းတို့ရဲ့ အတွေ့အကြုံနဲ့ ဒေသရဲ့ အခက် အခဲများကို ပြန်လည်ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် ယခု တင်သွင်းတဲ့ အရေးကြီးအဆို နှစ်ခုကို မှတ်တမ်းတင်ထားရှိရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ယခု တင်သွင်းတဲ့အရေးကြီး အဆိုနှစ်ခု ကို မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၃) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၂၇ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]